# မြန်မာသံရုံး၊ ဆိုးလ်မြို့
# ကိုရီးယားသမ္မတနိုင်ငံ၏ တစ်ပတ်အတွင်း (ရင်းနှီးမြှုပ်နှံမှုအပါအဝင်) စီးပွားရေးသတင်း တင်ပြချက်နှင့် သုံးသပ်တွေ့ရှိချက်များ

## (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ထိ)

## ကိုရီးယားလူငယ်များ ကိုယ်ပိုင်လုပ်ငန်းများ ပိုမိုလုပ်ကိုင်လာ

၁။ ကိုရီးယားသမ္မတနိုင်ငံ၏ အလုပ်အကိုင်ဈေးကွက်တွင် အလုပ်ရရှိရန်ခက်ခဲလာသည့်အတွက် ကိုယ်ပိုင်လုပ်ငန်းများထူထောင်လုပ်ကိုင်လာကြသည့် အသက် ၂၀ ကျော်လူငယ်များ ပိုမိုများပြားလာသည်။ ယမန်နှစ်က အသက် ၂၀ ကျော်အရွယ်လူငယ် စုစုပေါင်း ၅၆,၀၀၀ ခန့် ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်လျှက်ရှိသည်ကိုတွေ့ရသည်။ ယင်းအရေအတွက်သည် ၂၀၀၂ ခုနှစ်နောက်ပိုင်း တိုးပွားလာသည်။ ယင်းလူငယ်များသည် တိုးပွားလာခြင်းမှာ တစ်ဦးချင်း ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းအပြင် စပ်တူလုပ်ကိုင်ခြင်းများလည်း ရှိနေခြင်းကြောင့်ဖြစ်သည်ဟု ယင်းဈေးကွက်ကို လေ့လာနေသူများကဆိုသည်။ ယခင်နှစ်က ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူ အရေအတွက် ၁,၀၀၀ တိုးလာသော်လည်း အသက် ၃၀ ကျော်၊ ၄၀ ကျော်နှင့် ၅၀ ကျော် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူများ အရေအတွက်သည် ၂,၀၀၀၊ ၃၃,၀၀၀ နှင့် ၈,၀၀၀ ခန့် အသီးသီးကျဆင်းသွားသည်။ ယင်းအစား အသက် ၂၀ ကျော်အရွယ်များ ၄,၀၀၀ ဦးတိုးလာပြီး၊ အသက် ၆၀ ကျော်အရွယ်များတွင် ၄၀,၀၀၀ ဦး တိုးလာသည်ကိုတွေ့ရသည်။

၂။ အသက် ၆၀ ကျော် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် ကော်ဖီဆိုင်၊ စားသောက်ဆိုင်များသာ ဖွင့်လေ့ရှိကြပြီး၊ အသက် ၂၀ ကျော် အရွယ်များသည် လုပ်ငန်းသစ်၊ အိုင်ဒီယာသစ်များ ရှာဖွေလုပ်ကိုင်ကြလေ့ရှိသည်။ ကုမ္ပဏီကြီးများသည် ဝန်ထမ်းများကို သနားကြင်နာခြင်းကင်းစွာ အလုပ်မှလွယ်လွယ်ကူကူ ထုတ်ပယ်ပစ်ခြင်းများကို လူငယ်အလုပ်သစ်ရှာသူများ တွေ့မြင်လာကြသဖြင့် ဘွဲ့ရလူငယ်အများအပြားသည် ကိုယ်ပိုင်လုပ်ငန်းများ စတင်လုပ်ကိုင်ရန်သာ စိတ်အားထက်သန်လာခဲ့ကြသည်။ အခြားအချက်တစ်ခုမှာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများကလည်း လုပ်ငန်းသစ်လုပ်ကိုင်ရန် အထောက်အပံ့ကောင်းများ ပေးနေခြင်းကြောင့်လည်းဖြစ်သည်။ ယမန်နှစ်က အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ် ၇၆၁,၀၀၀ ဦးသည် ၄င်းတို့မှ ပထမဆုံးသောလုပ်ငန်းခွင်မှ နှုတ်ထွက်ခဲ့ကြရသည်။ လူငယ် ၁၀ ယောက်တွင် ၃ ယောက်ခန့်မှာ ရှာဖွေတွေ့ရှိသမျှ အလုပ်များသည် ယာယီ (သို့) အချိန်ပိုင်းအလုပ်များသာဖြစ်နေသည်။ လူငယ်များကြား လုပ်ငန်းငယ်လေးများ စတင်ထူထောင်ခြင်း ခေတ်စားလာခြင်းသည် ကောင်းမွန်သည့်အခြေအနေဖြစ်၍ ကြိုဆိုရမည်ဖြစ်သော်လည်း အလုပ်အကိုင်မလုံမလောက်ဖြစ်လာခြင်းကို မဖြေရှင်းနိုင်ကြောင်း၊ အမှန်တကယ်လိုအပ်သည်မှာ သမမျှတသော အလုပ်အကိုင်ဈေးကွက်တစ်ခုဖန်တီးပေးရန်ဖြစ်ပြီး၊ အမြဲတမ်းဝန်ထမ်းနှင့် ယာယီ (စာချုပ်) ဝန်ထမ်းများကြား ခွဲခြားဆက်ဆံခြင်း မပြုရန်လည်း လိုအပ်ကြောင်း၊ KDI မှ Yoo Kyung-jun က သုံးသပ်ပြောဆိုခဲ့သည်။ (ကိုးကားချက် - Chosun Ilbo)

---

## ပုဂ္ဂလိက ဝန်ထမ်းအားလုံး၏ ၅% သည် ထိပ်တန်း ကုမ္ပဏီကြီး ၃၀ တွင်ရှိနေ

၃။ ကိုရီးယားနိုင်ငံတွင်း ပုဂ္ဂလိကဝန်ထမ်းအားလုံး၏ ၅% ခန့်သည် ကိုရီးယားထိပ်တန်းကုမ္ပဏီကြီး ၃၀ ခုတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ ဝန်ထမ်းပေါင်း ၁.၂၈ သန်းခန့်သည် ထိပ်တန်းကုမ္ပဏီကြီး ၃၀ ခုတွင် လုပ်ကိုင်နေကြကြောင်း၊ ၂၀၁၃ ခုနှစ်ကုန်စာရင်းဇယားများကို ကိုးကား၍ Chaebul.com က ဖော်ပြခဲ့သည်။ ယင်းဝန်ထမ်း အရေအတွက်သည် နိုင်ငံတွင်းရှိသမျှဝန်ထမ်းအရေအတွက်၏ ၅.၁၄% ဖြစ်သည်။ Samsung Group ကုမ္ပဏီအုပ်စုကြီးတွင် ဝန်ထမ်းပေါင်း ၂၆၂,၈၆၅ ဦး၊ စုစုပေါင်းအရေအတွက်ထက် ၁.၀၅% သည် ဝင်ရောက်လုပ်ကိုင်နေကြသည်။

၄။ အခြားထိပ်တန်းကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ဝန်ထမ်းများအရေအတွက်သည်လည်း ၂၀၁၁ ခုနှစ်တွင် ၁.၁၆ သန်း (၄.၇၇%) မှ ၂၀၁၃ ခုနှစ်တွင် ၁.၂၈ သန်း (၅.၁၄%) ထိတိုးလာသည်ကိုတွေ့ရသည်။ Hyundai Motor Group တွင် ဝန်ထမ်း ၁.၅၅ သန်း (၀.၆၂%)၊ လုပ်ကိုင်နေကြပြီး၊ ဒုတိယအများဆုံးဖြစ်၍ LG တွင် ၁၄၂,၇၆၁ ဦး (၀.၅၇%)၊ Lotte တွင် ၉၀,၉၈၇ ဦး (၀.၃၆%)၊ SK တွင် ၇၉,၂၆၀ ဦး (၀.၃၂%)နှင့် KT တွင် ၆၆,၅၈၄ ဦး (၀.၂၇%) တို့အသီးသီး လုပ်ကိုင်နေကြသည်။ (ကိုးကားချက် - Choshun Ilbo)

---

## မဒမ်ပတ် အစိုးရအဖွဲ့များ အနည်းငယ်အပြောင်းအလဲလုပ်မည်

၅။ တောင်ကိုရီးယားသမ္မတ မဒမ်ပတ်သည် သူမ၏စီးပွားရေးပြုပြင်ပြောင်းလဲမှု အပေါ် လူထုထောက်ခံမှု ပိုမိုရရှိစေရန်အတွက် အစိုးရအဖွဲ့အား အနည်းငယ်အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး၊ သမ္မတရုံးကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဟု အင်္ဂါနေ့က ပြောဆိုလိုက်သည်။ အစိုးရအဖွဲ့အပြောင်းအလဲပြုလုပ်ရာတွင် လစ်လပ်နေသော ရေကြောင်းသွားလာမှုဝန်ကြီးဌာန ဝန်ကြီးနေရာကိုလည်းခန့်အပ်သွားမည်ဖြစ်သည်။ သူမ၏စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒများ ပိုမိုထိရောက်စေရန်နှင့် သမ္မတရုံးနှင့် နိုင်ငံရေးပါတီများကြား ဆက်သွယ်မှုတိုးတက်စေရန်အတွက် 'သမ္မတအကြံပေးအဖွဲ့' ကိုလည်း မြန်နိုင်သမျှအမြန်ဆုံး ဖွဲ့စည်းသွားမည်ဟု ဆိုသည်။

၆။ သမ္မတမဒမ်ပတ်သည် သမ္မတရုံး သတင်းအချက်အလက်များ ပေါက်ကြားမှုအရေးအခင်းတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံထားရသော သူမ၏အတွင်းဝန် သုံးဦးကို ဆက်လက်ခန့်ထားမည်ဖြစ်သည်။ သူမ၏အတွင်းဝန်ချုပ် Kim Ki-choon အား တို့လို့တန်းလန်းဖြစ်နေဆဲ ကိစ္စရပ်များအားလုံး ဖြေရှင်းပြီးသည်အထိ ခွဲခေါ်ထားဦးမည်ဖြစ်သည်။ မဒမ်ပတ်အနေဖြင့် Kim အားထပ်မံခန့်ထားဦးမည်ဆိုပါက သူမ၏ပြုပြင်ပြောင်းလဲရေးစီမံချက်အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်သူများကဆိုသည်။ သူမ၏အာဏာရပါတီသာမက အတိုက်အခံပါတီကလည်း Kim အား ထုတ်ပယ်ပစ်ရန်တောင်းဆိုမှုများလည်းရှိသည်။ သူမ၏နိုင်ငံရေးရာကိစ္စနှင့် လူပုဂ္ဂိုလ်ရွေးချယ်မှုကြား မပြတ်မသားဖြစ်မှုကိုလည်း ဝေဖန်ခံနေရသည်။

၇။ မဒမ်ပတ်၏ အစိုးရအဖွဲ့အတွင်းနှင့် သမ္မတရုံး ပြင်ဆင်ဖွဲ့စည်းမှုကို တစ်လအတွင်းဆောင်ရွက်သွားမည်ဟု ခန့်မှန်းရသည်။ ယင်းအပြောင်းအလဲကိုလည်း အတိုက်အခံပါတီက အာဏာရပါတီ၏ မအောင်မြင်မှုများကို သနပ်ခါးလိမ်းဖုံးအုပ်ရန်ကြိုးစားမှု တစ်ခုဖြစ်သည်ဟု ဝေဖန်လျှက်ရှိသည်။ မဒမ်ပတ် အပေါ် လူထုထောက်ခံမှုသည်လည်း ယင်းအရေးအခင်းများပြီးနောက် များစွာကျဆင်းသွားသည်ကို သုံးသပ်တွေ့ရှိရပါသည်။ (ကိုးကားချက် - Korea Herald)

---

## ‘The Interview’ ဇာတ်ကားအား sticks များတွင်ထည့်၍ မြောက်ကိုရီးယားဘက်သို့ကျဲချမည်

၈။ ပြုံယမ်းသည် ဆိုးလ်ကတောင်းဆိုသည့် တွေ့ဆုံဆွေးနွေးရေးအဆိုကို ငြင်းပယ်ပါက ‘The Interview’ ရုပ်ရှင် ဒီဗွီဒီများကို မိုးပျံဘူဘောင်းများတွင်တွဲ၍ မြောက်ကိုရီးယားဘက်သို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားမှထွက်ပြေးလာသည့် ယခုအခါမြောက်ကိုရီးယားအရေး တက်ကြွလှုပ်ရှားသူ Park Sang-hak က ပြောဆိုလိုက်သည်။ တောင်ကိုရီးယားအား အမေရိကန်နှင့်ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ရပ်ဆိုင်းပေးပါက ဆွေးနွေးမည်ဟု အတုန့်အလှည့်အနေဖြင့် တောင်းဆိုထားခြင်းကြောင့် မြောက်ကိုရီးယား၏ဂုဏ်သိက္ခာသည် မေးခွန်းထုတ်စရာဖြစ်နေကြောင်း Park ကဝေဖန်ခဲ့သည်။

၉။ မြောက်ကိုရီးယား၏တောင်းဆိုချက်တစ်ခုဖြစ်သည့် မြောက်ကိုရီးယားဆန့်ကျင်ရေး leaflet များလွှတ်တင်ခြင်းကို သူ့အနေဖြင့်ရပ်ဆိုင်းပေးထားခဲ့ခြင်းမှာ ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာစေရန်ရည်ရွယ်ခဲ့သည်ဟု ထပ်ဖြည့်ပြောဆိုခဲ့သည်။ သို့သော် leaflet များ လွှတ်တင်ခြင်းကို Lunar New year holiday အထိသာရပ်ဆိုင်းထားမည်ဖြစ်၍ ယခုအချိန်သည် ပြုံယမ်းအနေဖြင့် ဆိုးလ်၏တောင်းဆိုမှုကို တုန့်ပြန်ရမည့်အချိန်ဖြစ်သည်ဟု Fighters for Free North Korea အဖွဲ့၏ အကြီးအကဲလည်းဖြစ်သူ Park က ပြောဆိုခဲ့သည်။ ပြုံယမ်းသည် ဆိုးလ်၏တွေ့ဆုံဆွေးနွေးရန် တောင်းဆိုချက်ကို လက်ခံခြင်းမပြုပါက ဒီဗွီဒီများ၊ memory sticks များတွင် ‘The Interview’ ဇာတ်ကားကို ထည့်သွင်း၍ မြောက်ကိုရီးယားဘက်သို့ မိုးပျံဘူဘောင်းများတွင် တွဲချည်စေလွှတ်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က U.S advocacy Group နှင့်ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ (ကိုးကားချက် - Joognang News)

---